# ၁၉၄၈ ခုနှစ်၊ လွတ်လပ်စွာအသင်းအပင်းဖွဲ့ခြင်းနှင့်ဖွဲ့စည်းခွင့်ကိုအသိအမှတ်ပြုရေး ဆိုင်ရာပြဋ္ဌာန်းချက် (၈၇)

၁၉၄၈ ခုနှစ်၊ ဇွန်လ (၁၇) ရက်နေ့ (၃၁) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာအလုပ်သမား အဖွဲ့အထွေထွေညီလာခံကို ဆန်ဖရန်စစ္စကိုမြို့၌ကျင်းပခဲ့ရာ ထိုအစည်းအဝေး၌ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ရုံး၊ အုပ်ချုပ်မှုအဖွဲ့ (Governing Body) မှလွတ်လပ်စွာအသင်းအပင်းဖွဲ့ခွင့်နှင့် ဖွဲ့စည်းခွင့်ကို အသိအမှတ်ပြုရေးဆိုင်ရာ ပြဋ္ဌာန်းချက်ကို အကာအကွယ်ပေးခြင်းဆိုင်ရာ ပြဋ္ဌာန်းချက် တစ်ရပ်ကို ချမှတ်ရန်စည်းဝေးပြီးနောက်၊

ညီလာခံ၏အစီအစဉ် (၇) တွင် လွတ်လပ်စွာအသင်းအပင်းဖွဲ့ခွင့်နှင့်ဖွဲ့စည်းခွင့်ကို အသိအ မှတ်ပြုရေးဆိုင်ရာ ပြဋ္ဌာန်းချက်ကိုပြဋ္ဌာန်းချက်တစ်ရပ်အနေဖြင့် ညီလာခံတွင် ပြဋ္ဌာန်းသတ်မှတ်ရန်ဆုံး ဖြတ်ပြီးနောက်၊

အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအရ၊ အလုပ်သမားများ၏အ ခြေအနေတိုးတက်လာစေရန် အလုပ်ခွင်ငြိမ်းချမ်းသာယာမှုဖြစ်စေရန်တို့အတွက် လွတ်လပ်စွာအစည်းအ ရုံးထူထောင်နိုင်ရန် လုပ်ထုံးလုပ်နည်းများကိုပါ အသိအမှတ်ပြုထားပြီးဖြစ်ကြောင်း ကြေငြာချက်ထုတ် ပြန်ထားကြောင်းကို စဉ်းစား၍လည်းကောင်း၊

ဖီလ်လဲဒဲဖီးယားကြေငြာစာတမ်း (Philadelphia Declaration) အရ လွတ်လပ်စွာထုတ်ဖော်ပြော ဆိုခွင့်နှင့်လွတ်လပ်စွာအစည်းအရုံးထူထောင်နိုင်ခွင့်တို့ကို ပြန်လည်အတည်ပြုစဉ်းစား၍လည်းကောင်း၊

အကြိမ် (၃၀)မြောက် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ အထွေထွေညီလာခံမှ အပြည်ပြည်ဆိုင်ရာနည်းဥပဒေများအဖြစ် အခြေခံရမည့်လုပ်ထုံးလုပ်နည်းများကို ပြဋ္ဌာန်းသတ်မှတ်ရန် စဉ်းစား၍လည်းကောင်း

ဒုတိယအကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံမှ အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာ အဖွဲ့အား လုပ်ထုံးလုပ်နည်းများနှင့်ပက်သက်၍ ဖြစ်နိုင်ချေရှိသောပြဋ္ဌာန်းချက်တစ်ခု (သို့မဟုတ်) ပြ ဋ္ဌာန်းချက်များကို ကျင့်သုံးအကောင်အထည်ဖော်ရန် မှတ်ချက်ပြုတိုက်တွန်းချက်အရ စဉ်းစား၍လည်း ကောင်း၊

၁၉၄၈ ခုနှစ်၊ ဇူလိုင်လ (၉) ရက်နေ့မှစ၍ အတည်ပြုပြဋ္ဌာန်းသတ်မှတ်ခဲ့ရာ ၁၉၄၈ ခုနှစ်၊ လွတ်လပ်စွာအသင်းအပင်းထူထောင်နိုင်ခွင့်နှင့်ဖွဲ့စည်းခွင့်ကို အကာအကွယ်ပေးရေးဆိုင်ရာပြဋ္ဌာန်းချက် အဖြစ် ပြဋ္ဌာန်းသတ်မှတ်ခဲ့ပါသည်။

# လွတ်လပ်စွာအသင်းအပင်းဖွဲ့ခွင့်

အပိုဒ်–၁

ဤပြဋ္ဌာန်းချက်ကိုသက်ဝင်ကျင့်သုံးသော အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့၏ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအနေဖြင့် အောက်ဖော်ပြပါ ပုဒ်မ/အပိုဒ်များကို တာဝန်ယူထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရပါမည်။

အပိုဒ်–၂

အလုပ်ရှင်အလုပ်သမား ခွဲခြားမှုမရှိဘဲ အာဏာပိုင်အဖွဲ့အစည်းများထံမှ ကြိုတင်ခွင့်ပြုချက်ရယူရန်မလိုဘဲနှင့် အစည်းအရုံးထူထောင်နိုင်ခွင့်ရှိစေရမည်ဖြစ်ပြီး သက်ဆိုင်ရာအစည်းအရုံးများကို ဝင်ရောက်ခွင့်ရှိကာ ယင်းစည်းမျဉ်းများကိုသာ လိုက်နာကျင့်သုံးရမည်ဖြစ်ပါသည်။

အပိုဒ်–၃

၁။ အလုပ်ရှင်နှင့်အလုပ်သမားအစည်းအရုံးများအနေဖြင့် မိမိတို့အဖွဲ့စည်းမျဉ်းများကို ရေးဆွဲနိုင်ခွင့်ရမည့်အပြင်၊ ၎င်းတို့၏ကိုယ်စားလှယ်များကိုလည်း လွတ်လပ်မှုအပြည့်အဝဖြင့် ရွေးချယ်ပိုင်ခွင့်ရှိကာ ၎င်းတို့အဖွဲ့အစည်း၏ စီမံခန့်ခွဲရေးကိစ္စရပ်များ၊ လုပ်ငန်းစဉ်များကိုရေးဆွဲပိုင်ခွင့်ရှိစေရမည်။ လုပ်ငန်းတာဝန်များခွဲဝေချထားခြင်းနှင့် အစည်းအရုံး၏ဖွဲ့စည်းပုံကိုလည်း ရေးဆွဲပိုင်ခွင့်ရှိရမည်။

၂။ အစည်းအရုံးများ၏ရပိုင်ခွင့်များနှင့် ဥပဒေအရကျင့်သုံးဆောင်ရွက်မှုများကို အာဏာပိုင်အဖွဲ့အစည်းများမှ နှောင့်ယှက်ဟန့်တားခြင်းကို ရှောင်ကျဉ်စေရမည်။

အပိုဒ်–၄

အလုပ်ရှင်နှင့်အလုပ်သမား အစည်းအရုံးများအား အုပ်ချုပ်ရေးအာဏာပိုင်အဖွဲ့အစည်းများမှရပ်ဆိုင်းခြင်း (သို့မဟုတ်) ဖျက်သိမ်းခြင်းမပြုလုပ်စေရ။

အပိုဒ်–၅

အလုပ်ရှင်များနှင့်အလုပ်သမားများ၏ အဖွဲ့အစည်းများသည် ၎င်းတို့နှစ်သက်ရာအလုပ်သမားသမဂ္ဂများ၊ အဖွဲ့ချုပ်များနှင့်သော်လည်းကောင်း၊ အဖွဲ့ချုပ်အချင်းချင်းမဟာမိတ်ပြုဖွဲ့စည်းရန်သော်လည်းကောင်း၊ ဆက်သွယ်ခွင့်ရှိပြီး မည်သည့်အဖွဲ့အစည်း၊ သမဂ္ဂ (သို့မဟုတ်) အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာ အလုပ်ရှင်များနှင့် အလုပ်သမားတို့၏ အဖွဲ့အစည်းများနှင့်သော်လည်းကောင်း အပြန်အလှန်ဆက်သွယ်နိုင်ခွင့်ရှိရမည်။

အပိုဒ်–၆

အပိုဒ် ၂၊ ၃ နှင့် ၄ တို့ပြဋ္ဌာန်းသတ်မှတ်ချက်များသည် အလုပ်ရှင်များနှင့်အလုပ်သမား အဖွဲ့အစည်းများ၊ သမဂ္ဂများနှင့်အဖွဲ့ချုပ်များ၊ အဖွဲ့ချုပ်အချင်းချင်း မဟာမိတ်ပြုဖွဲ့စည်းခြင်းများနှင့်သက်ဆိုင်စေရမည်။

အပိုဒ်–၇

အလုပ်ရှင်များနှင့် အလုပ်သမားများ၏အဖွဲ့အစည်းများ၊ သမဂ္ဂများနှင့်အဖွဲ့ချုပ်များသည် လူပုဂ္ဂိုလ်တစ်ဦးကဲ့သို့ ဥပဒေအရခံစားခွင့်များရရှိသော်လည်း၊ ယင်းကဲ့သို့ရရှိသော အခွင့်အရေးကြောင့် ၂၊ ၃ နှင့် ၄ သတ်မှတ်ချက်ပါ မိမိတို့အချင်းချင်းဖွဲ့စည်းခွင့်ကို ကန့်သတ်တားမြစ်ခြင်း မဖြစ်စေရ သို့တည်းမဟုတ် ဆန့်ကျင်ခြင်းမဖြစ်စေရပါ။

အပိုဒ်–၈

၁။ ပြဋ္ဌာန်းချက်အရ အလုပ်ရှင်နှင့်အလုပ်သမားများနှင့် ၎င်းတို့၏အသီးသီးသော အစည်းအရုံးများသည် ၎င်းတို့၏ရပိုင်ခွင့်များကို လူပုဂ္ဂိုလ်တစ်ဦးကဲ့သို့ပင် နိုင်ငံ၏ဥပဒေကို ရိုသေလေးစားရမည်။

၂။ ဤပြဋ္ဌာန်းချက်အရခွင့်ပြုထားချက်များကို နိုင်ငံ၏ဥပဒေက တားမြစ်ခြင်း (သို့မဟုတ်) တားမြစ်ဟန့်တားရန်ကျင့်သုံးခြင်း မဖြစ်စေရပါ။

အပိုဒ်–၉

၁။ ဤပြဋ္ဌာန်းချက်အရ လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ရဲတပ်ဖွဲ့ဝင်များအားမည်သည့်အတိုင်းအတာအထိ ရပိုင်ခွင့်များသတ်မှတ်ရမည်ကို နိုင်ငံ၏ဥပဒေများ (သို့မဟုတ်) နည်းဥပဒေများ အဆုံးအဖြတ်သာဖြစ်စေရမည်။

၂။ အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအပိုဒ် (၁၉) အပိုဒ်ခွဲ (၈)တွင် ပါရှိသောမူအရ ဤပြဋ္ဌာန်းချက်ကို လက်ခံကျင့်သုံးအတည်ပြုပြီးသော အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ၏ လက်နက်ကိုင်အဖွဲ့အစည်းများ (သို့မဟုတ်) ရဲတပ်ဖွဲ့ဝင်များသည် ယင်းပြဋ္ဌာန်းချက်အရ ရပိုင်ခွင့်များကို ရ ရှိနေပြီးဖြစ်ပါက သတ်မှတ်ခွင့်ပြုထားသော ရပိုင်ခွင့်များကို ထိခိုက်မှုမဖြစ်စေရပါ။

အပိုဒ်–၁၀

ဤပြဋ္ဌာန်းချက်အရ အဖွဲ့အစည်းဆိုသည်မှာ အလုပ်ရှင်နှင့်အလုပ်သမားများ၏အကျိုးကိုကာကွယ်ရန်၊ ပိုမိုရရှိအောင်ဆောင်ရွက်ရန် ဖွဲ့စည်းထားသည့်အဖွဲ့အစည်းကို ဆိုလိုသည်။

## စည်းရုံးပိုင်ခွင့်ကိုအကာအကွယ်ပေးခြင်း

အပိုဒ်–၁၁

ဤပြဋ္ဌာန်းချက်ကို အတည်ပြုကျင့်သုံးပြီးသော အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့၏ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအနေဖြင့် အလုပ်ရှင်နှင့်အလုပ်သမားများကို လွတ်လပ်စွာအစည်းအရုံးထူထောင်နိုင်ရန် လိုအပ်သောပံ့ပိုးအရေးယူဆောင်ရွက်မှုများကို ပြုလုပ်ပေးရပါမည်။

## အပိုင်း (၃) အထွေထွေပြဋ္ဌာန်းချက်များ

Article 12

၁။ ILO ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းပြင်ဆင်ချက် (၁၉၄၆) အရ ပြင်ဆင်ထားသည့် ILO ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း၏ Article 35 တွင်ရည်ညွှန်းထားသော နယ်မြေများနှင့်စပ်လျဉ်း၍ အဆိုပါ Article ၏အပိုဒ် (၄) နှင့် (၅)တွင်ပြင်ဆင်ထားသည့်အတိုင်း ရည်ညွှန်းထားသောနယ်မြေများမှအပ ဤပြဋ္ဌာန်းချက်ကို လက်ခံကျင့်သုံးသော အဖွဲ့ဝင်နိုင်ငံတိုင်းသည် မိမိလက်ခံကျင့်သုံးပြီးသည်နှင့်အောက်ဖော်ပြပါအချက်များပါဝင်သော ကြေညာချက်နှင့်အတူ ILO အဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အကြောင်းကြားရမည်–

(က) ပြဋ္ဌာန်းချက်ပါသတ်မှတ်ချက်များကို ပြင်ဆင်ဖြည့်စွက်ခြင်းမပြုဘဲ လိုက်နာကျင့်သုံးသည့်နယ်မြေများ၊

(ခ) ပြဋ္ဌာန်းချက်ပါသတ်မှတ်ချက်များကို ပြင်ဆင်ဖြည့်စွက်ပြီး လိုက်နာကျင့်သုံးသည့် နယ်မြေများနှင့် ယင်းသို့ပြင်ဆင်ဖြည့်စွက်သည့် အသေးစိတ်အချက်အလက်များ၊

(ဂ) ပြဋ္ဌာန်းချက်ကိုလိုက်နာကျင့်သုံးမှုမရှိသောနယ်မြေများနှင့် ယင်းသို့လိုက်နာကျင့်သုံးမှု မရှိရခြင်း၏ အခြေခံများ၊

(ဃ) ဆုံးဖြတ်ချက် မပြီးပြတ်သေးသော နယ်မြေများ၊

၂။ ဤ Article ၏အပိုဒ် (၁) အပိုဒ်ခွဲ (က) နှင့် (ခ) ပါကြေညာချက်များသည် လက်ခံကျင့်သုံးမှုနှင့်စပ်လျဉ်း၍ အရေးပါသည့်အစိတ်အပိုင်းတစ်ရပ်ဖြစ်ပြီး အာဏာသက်ရောက်မှုလည်းရှိပါသည်။

၃။ ဤ Article ၏အပိုဒ် (၁) အပိုဒ်ခွဲ (ခ)၊ (ဂ)၊ (ဃ) တို့တွင်ပါရှိသော မူလကြေညာချက်၏ အားလုံး (သို့မဟုတ်) တစ်စိတ်တစ်ပိုင်းကို ပယ်ဖျက်ခြင်းနှင့်ချန်လှပ်ထားခြင်းတို့နှင့်စပ်လျဉ်း၍ မည်သည့်အဖွဲ့ဝင်နိုင်ငံမဆို အချိန်မရွေးနောက်ဆက်တွဲ ကြေညာချက်ထုတ်ပြန်နိုင်ပါသည်။

၄။ Article 16 ပါသတ်မှတ်ချက်များနှင့်အညီ ပြဋ္ဌာန်းချက်ကိုလက်ခံကျင့်သုံးမှုမှ ပယ်ဖျက်သည့်အခါ ယခင်ကြေညာချက်ပါသတ်မှတ်ချက်များအပေါ် ပြင်ဆင်ဖြည့်စွက်ချက်နှင့် ယင်းသို့ဆောင်ရွက်သော

နယ်မြေများနှင့်စပ်လျဉ်း၍ လက်ရှိအခြေအနေဖော်ပြချက်တို့ပါဝင်သော ကြေညာချက်ကို ညွှန်ကြားရေးမှူးချုပ်ထံ အကြောင်းကြားရမည်။

## Article 13

၁။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရနယ်မြေများတွင် ဤပြဋ္ဌာန်းချက်ပါ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အဆိုပါနယ်မြေ၏ အပြည်ပြည်ဆိုင်ရာဆက်ဆံရေးအတွက် တာဝန်ရှိသည့်အဖွဲ့ဝင်အနေဖြင့် ဤပြဋ္ဌာန်းချက်ပါ တာဝန်ရှိမှုများကို ယင်းနယ်မြေ၏ကိုယ်စား လက်ခံကြောင်းကြေညာချက်ကို နယ်မြေအစိုးရ၏သဘောတူညီချက်ဖြင့် ILO အဖွဲ့ရုံးညွှန်ကြားရေးမှူးချုပ်ထံ အကြောင်းကြားရမည်။

၂။ ဤပြဋ္ဌာန်းချက်၏တာဝန်ရှိမှုကို လက်ခံသည့်ကြေညာချက်တစ်ရပ်ကို အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်ထံ ဆက်သွယ်နိုင်သည်

(က) ပူးတွဲအာဏာရှိသောနယ်မြေနှင့်စပ်လျဉ်း၍ နှစ်နိုင်ငံ (သို့မဟုတ်) ယင်းထက်ပိုမိုသော အဖွဲ့ဝင်နိုင်ငံများ (သို့မဟုတ်)

(ခ) ကုလသမဂ္ဂပဋိညာဉ်စာတမ်း (သို့မဟုတ်) အခြားနိုင်ငံတကာ စာချုပ်များအရနယ်မြေအား စီမံအုပ်ချုပ်ရန်တာဝန်ရှိသော အပြည်ပြည်ဆိုင်ရာအာဏာပိုင်၊

၃။ ဤ Article ၏အထက်ပါစာပိုဒ်များအရ ILO အဖွဲ့ရုံးညွှန်ကြားရေးမှူးချုပ်ထံ ဆက်သွယ်လာသောကြေညာချက်တွင် သက်ဆိုင်ရာနယ်မြေအတွင်း၌ ပြဋ္ဌာန်းချက်ပါသတ်မှတ်ချက်များအား ပြင်ဆင်ဖြည့်စွက်ခြင်းမပြုဘဲ (သို့မဟုတ်) ပြင်ဆင်ဖြည့်စွက်၍လိုက်နာကျင့်သုံးမည်ဖြစ်ကြောင်း ဖော်ပြရမည်။ ပြင်ဆင်ဖြည့်စွက်ခြင်းပြု၍ လိုက်နာကျင့်သုံးမည်ဖြစ်ကြောင်း ဖော်ပြပါက ပြင်ဆင်ဖြည့်စွက်မည့် အသေးစိတ်အချက်အလက်များကို ပေးပို့ရမည်။

၄။ သက်ဆိုင်ရာအဖွဲ့ဝင်နိုင်ငံ (သို့မဟုတ်) အဖွဲ့ဝင်နိုင်ငံများ (သို့မဟုတ်) အပြည်ပြည်ဆိုင်ရာအာဏာပိုင်သည် ယင်းခင်ကြေညာချက်များတွင် ဖော်ပြခဲ့သည့် ပြင်ဆင်ဖြည့်စွက်ချက်အားလုံး (သို့မဟုတ်) တစ်စိတ်တစ်ပိုင်းပယ်ဖျက်ပြင်ဆင်ရန်အတွက် နောက်ဆက်တွဲကြေညာချက်ကို အချိန်မရွေးပြုလုပ်နိုင်သည်။

၅။ သက်ဆိုင်ရာအဖွဲ့ဝင်နိုင်ငံ (သို့မဟုတ်) အဖွဲ့ဝင်နိုင်ငံများ (သို့မဟုတ်) အပြည်ပြည်ဆိုင်ရာအာဏာပိုင်သည် Article 16 ပါသတ်မှတ်ချက်များနှင့်အညီ ပြဋ္ဌာန်းချက်ကိုလက်ခံကျင့်သုံးမှုမှ ပယ်ဖျက်သည့်အခါ ယခင်ကြေညာချက်ပါသတ်မှတ်ချက်များအပေါ် ပြင်ဆင်ဖြည့်စွက်ချက်နှင့်ပြဋ္ဌာန်းချက် လိုက်နာကျင့်သုံးမှုနှင့်စပ်လျဉ်း၍ လက်ရှိအခြေအနေဖော်ပြချက်တို့ပါဝင်သော ကြေညာချက်ကို ညွှန်ကြားရေးမှူးချုပ်ထံ အကြောင်းကြားရမည်။

## အပိုင်း (၄) အပြီးသတ်ပြဋ္ဌာန်းချက်များ

## Article 14

ဤပြဋ္ဌာန်းချက်ကို တရားဝင်လက်ခံကျင့်သုံးမှုအား မှတ်ပုံတင်ရန်အတွက် ILO အဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အကြောင်းကြားရမည်။

## Article 15

၁။ ဤပြဋ္ဌာန်းချက်သည် ILO အဖွဲ့ရုံး ညွှန် ကြားရေးမှူးချုပ်ထံလက်ခံကျင့်သုံးမှုအား မှတ်ပုံတင်ထားသည့် အဖွဲ့ဝင်နိုင်ငံများအပေါ်၌သာ အာဏာသက်ရောက်မှုရှိပါမည်။

၂။ ဤပြဋ္ဌာန်းချက်သည် အဖွဲ့ဝင်နိုင်ငံ နှစ်နိုင်ငံမှ ညွှန်ကြားရေးမှူးချုပ်ထံ ၎င်းတို့၏လက်ခံကျင့်သုံးမှုကို မှတ်ပုံတင်သည့်ရက်မှ (၁၂)လ အကြာတွင် အာဏာသက်ရောက်မည်။

၃။ ယင်နောက်ပိုင်းတွင် ဤပြဋ္ဌာန်းချက်အား လက်ခံကျင့်သုံးသည့် မည်သည့်အဖွဲ့ဝင်နိုင်ငံအတွက်မဆို ပြဋ္ဌာန်းချက်လက်ခံကျင့်သုံးမှုကို မှတ်ပုံတင်သည့်ရက်မှ (၁၂)လ အကြာတွင် ပြဋ္ဌာန်းချက် အာဏာသက်ရောက်သည်။

## Article 16

၁။ ပြဋ္ဌာန်းချက်ကိုလက်ခံကျင့်သုံးသော အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံသည် ပြဋ္ဌာန်းချက်အာဏာသက်ရောက်သည့်နေ့မှ (၁၀)နှစ်ပြည့်မြောက်ပြီးသည့်အခါတွင် ပြဋ္ဌာန်းချက်လက်ခံကျင့်သုံးမှုကို ပယ်ဖျက်ခြင်းအား မှတ်ပုံတင်ရန်အတွက် ILO အဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်ထံဆက်သွယ်နိုင်သည် အဆိုပါပယ်ဖျက်မှုသည် မှတ်ပုံတင်သည့်နေ့မှ (၁)နှစ်မပြည့်မီ အကျိုးသက်ရောက်မှု မရှိပါ။

၂။ ပြဋ္ဌာန်းချက်ကိုလက်ခံကျင့်သုံးထားသော အဖွဲ့ဝင်နိုင်ငံတိုင်းသည် လက်ခံကျင့်သုံးမှုပယ်ဖျက်ခြင်းအား ဤ Article အထက်အပိုဒ်တွင်ဖော်ပြထားသည့်အတိုင်း (၁၀) နှစ်ပြည့်မြောက်သည့်ကာလ၏ တစ်နှစ်အတွင်းမပြုလုပ်မိပါက နောက်ထပ် (၁၀) နှစ် အာဏာသက်ရောက်မှုရှိပြီး လက်ခံကျင့်သုံးမှုပယ်ဖျက်ခြင်းအား ဤ Article တွင် ပြဋ္ဌာန်းသတ်မှတ်ချက်များအရ (၁၀) နှစ်ပြည့်သည့်နှစ်တိုင်း ပြုလုပ်နိုင်ပါသည်။

## Article 17

၁။ ILO အဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်သည် အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ဝင် နိုင်ငံတိုင်းမှ လက်ခံကျင့်သုံးမှုများ၊ ကြေညာချက်များနှင့်လက်ခံကျင့်သုံးရန် ပယ်ဖျက်ခြင်းများနှင့်စပ်လျဥ်းသည့် မှတ်ပုံတင်မှုများအတွက် ၎င်းအားဆက်သွယ်လာခြင်းကို အဖွဲ့ဝင်နိုင်ငံများအားအသိပေးရမည်။

၂။ ဒုတိယအကြိမ် ပြန်လည်လက်ခံကျင့်သုံးခြင်းအတွက် မှတ်ပုံတင်မှုအား ညွှန်ကြားရေးမှူးချုပ်ထံ အကြောင်းကြားလာသည့်အခါ ပြဋ္ဌာန်းချက် အာဏာသက်ရောက်မည့်နေ့နှင့် စပ်လျဉ်း၍ ညွှန်ကြားရေးမှူးချုပ်အနေဖြင့် အဖွဲ့ဝင်နိုင်ငံများ၏ သတိပေးရမည်။

## Article 18

အထက်ဖော်ပြပါ Article များပါ သတ်မှတ်ချက်များနှင့်အညီ လက်ခံကျင့်သုံးမှုများ၊ ကြေညာချက်များနှင့်လက်ခံကျင့်သုံးရန် ပယ်ဖျက်မှုများနှင့်စပ်လျဉ်းသည့် မှတ်ပုံတင်မှုများကို ILO ညွှန်ကြားရေးမှူးချုပ်က ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ထံသို့ ကုလသမဂ္ဂ ပဋိညာဉ်စာတမ်း Article 102 နှင့်အညီ ဆက်သွယ်အကြောင်းကြားရမည်။

## Article 19

ပြဋ္ဌာန်းချက်အာဏာသက်ရောက်ပြီး (၁၀)နှစ်ပြည့်မြောက်တိုင်း ILO အဖွဲ့ရုံး အုပ်ချုပ်မှုအဖွဲ့သည် ဤပြဋ္ဌာန်းချက်၏ ထိရောက်မှုများနှင့်စပ်လျဉ်းသည့် အစီရင်ခံစာကို အထွေထွေညီလာခံသို့တင်သွင်း၍ ပြဋ္ဌာန်းချက်တစ်ရပ်လုံး (သို့မဟုတ်) တစ်စိတ်တစ်ပိုင်းအပေါ် ပြန်လည်သုံးသပ်မှုနှင့်စပ်လျဉ်းသည့် အစီအစဉ်ထည့်သွင်းရန်လိုအပ်မှု ရှိ/မရှိ စဉ်းစားရမည်။

## Article 20

၁။ ညီလာခံမှ ဤပြဋ္ဌာန်းချက်တစ်ရပ်လုံး (သို့မဟုတ်) တစ်စိတ်တစ်ပိုင်းကို ပြန်လည်ပြင်ဆင်၍ ပြဋ္ဌာန်းချက်အသစ်တစ်ရပ် ပြဋ္ဌာန်းသင့်သည်ဟု ညီလာခံမှဆုံးဖြတ်ပါက ပြဋ္ဌာန်းချက်အသစ်တွင်

(က) အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံမှ ပြဋ္ဌာန်းချက်အသစ်အား လက်ခံကျင့်သုံးမှုသည် ဤပြဋ္ဌာန်းချက်၏ Article 16 တွင်မည်သို့ပင် ပြဋ္ဌာန်းသတ်မှတ်စေကာမူ လက်ခံကျင့်သုံးမှုကို ချက်ချင်းပယ်ဖျက်ရာရောက်ပြီး ပြင်ဆင်ပြဋ္ဌာန်းထားသည့် ပြဋ္ဌာန်းချက်အသစ်၏ အာဏာသက်ရောက်မှုရှိပါမည်။

(ခ) ပြင်ဆင်ပြဋ္ဌာန်းသည့် ပြဋ္ဌာန်းချက် အာဏာသက်ရောက်သည့်နေ့မှစ၍ အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ဤပြဋ္ဌာန်းချက် စတင်လက်ခံကျင့်သုံးမှုအား ရပ်ဆိုင်းပါသည်။

၂။ ပြင်ဆင်ပြဋ္ဌာန်းသည့် ပြဋ္ဌာန်းချက်အသစ်ကို လက်ခံကျင့်သုံးခြင်းမပြုဘဲ ဤပြဋ္ဌာန်းချက်ကို လက်ခံကျင့်သုံးထားသည့် အဖွဲ့ဝင်နိုင်ငံများအတွက် ပြဋ္ဌာန်းချက်ပါ သတ်မှတ်ချက်များသည် အာဏာသက်ရောက်မှုရှိဆဲဖြစ်သည်။

Article 21

ဤပြဋ္ဌာန်းချက်၏ အင်္ဂလိပ်နှင့်ပြင်သစ်ဘာသာတို့ဖြင့် ရေးသားဖော်ပြချက်များသည် တူညီသော အာဏာသက်ရောက်မှုရှိသည်။

အထက်ပါဖော်ပြချက်သည် ၁၉၄၈ ခုနှစ်၊ ဇူလိုင်လ (၁၀)ရက် နေ့က ဆန်ဖရန်စစ္စကို၌ ကျင်းပခဲ့သော အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့၏ (၃၁) ကြိမ်မြောက် အထွေထွေညီလာခံ ချမှတ်ခဲ့သော ပြဋ္ဌာန်းချက်၏ စာသားများဖြစ်ပါသည်။